# 3 မူလတန်းကျောင်း.အလယ်တန်းကျောင်း

## 3-4 ကျောင်းပြောင်းရာတွင် ဆောင်ရွက်ရမည့်အချက်များ

ဒေသအစိုးရပိုင် မူလတန်းနှင့်အလယ်တန်းကျောင်းသို့ ကျောင်းပြောင်းတက်လိုပါက မိမိနေထိုင်သော မြို့နယ်ရုံးတွင် ကျောင်းပြောင်းရန်လုပ်ဆောင်ပါ။ ထို့နောက် သက်မှတ်ထားသောရက်တွင် သက်မှတ်ထားသောကျောင်းသို့ သွားတက်ရမည်။ ပုံမှန်အားဖြင့် အသက်ပေါ်မူတည်၍ သင့်လျော်သောအတန်းသို့ပြောင်းတက်နိုင်သော်လည်း ဂျပန်စာအရည်အချင်းပေါ်မူတည်၍ အငယ်တန်းပညာသင်ကြားနိုင်သောကြောင့် စိတ်ပူပါက မြို့နယ်ရုံးရှိ ပညာရေးကော်မတီ သို့မဟုတ် ကျောင်းဆရာနှင့်ဆွေးနွေးပါ။ International School၊ အစိုးရကျောင်း၊ ပုဂ္ဂလိကပိုင်မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း တက်လိုပါက ကျောင်းသို့တိုက်ရိုက်ဆက်သွယ်ပါ။

## 3-5 ကျောင်းနေထိုင်မှု(ကလေးက ဂျပန်စာသိပ်မတတ်သေးပါက)

သင်ခန်းစာသည်ဂျပန်စာဖြင့်သင်ကြားရသည်။ အများသော မူလတန်းနှင့်အလယ်တန်းတွင် ဂျပန်စာသိပ်မကျွမ်းကျင်သော သူအတွက် ဂျပန်စာသင်ကြားပေးလေ့ရှိသည်။ ကလေးများ အမြန်ဆုံးဂျပန်၏နေ့စဉ်ဘဝနှင့်ရင်းနှီးရန် ဂျပန်စာသင်ကြားခြင်းနှင့် နေထိုင်မှုအကြံပေးခြင်းများလုပ်ပေးသောကြောင့် ဂျပန်စာကျွမ်းကျင်မှုအပေါ်စိတ်ပူပါက အရင်ဦးစွာ ကျောင်းဆရာနှင့်ဆွေးနွေးပါ။

## 3-6 ကျောင်းနေထိုင်မှု(ကျောင်းလှုပ်ရှားမှုများ)

ကျောင်းတွင်အမျိုးမျိုးသောကျောင်းလှုပ်ရှားမှုများရှိသည်။ ကျောင်းမှ ကြိုတင်၍ အကြောင်းကြားမည်ဖြစ်သည်။ နေ့စဉ်နေထိုင်မှုတွင် ကျင့်သားရရန် ကျောင်းလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ပါ။ ကျောင်းလှုပ်ရှားမှုများသည် အောက်ပါအတိုင်းဖြစ်သည်။

- အားကစားပွဲ။ ။နွေဦးနှင့်ဆောင်းဦးရာသီ၏ပိတ်ရက်တွင်ကျင်းပလေ့ရှိသည်။မိသားစုဝင်များက ကလေးကို ကြည့်ရှု အားပေးသည်။
- လေ့လာရေးခရီး။ ။ဆရာကဦးဆောင်သောနေ့ချင်းပြန်ခရီးတို။
- ပညာသင်နှစ်နောက်ဆုံးခရီး။ ။နောက်ဆုံးနှစ်ကျောင်းသားအားလုံးတစ်နေရာသို့သွားရောက်တည်းခိုသောခရီး။